
NS NOVEL
စာစဉ်-၃
NS NOVEL
အဆုံးအစမဲ့ည
夜无疆
ဘာသာပြန်သူ - NS

အဆုံးအစမဲ့ ည (စာစဉ်-၃)

အခန်း ၂၁

သွေးဝါးတော

*

မှောင်ရီပိုးတဝါး အချိန်တွင် တောင်ကြီးများက မားမားမတ်မတ် ရပ်တည်နေကြသည်။ ထင်းရှူးပင်၊ သစ်အယ်ပင်နှင့် ချယ်ရီပင်များ စသည့် သစ်ပင် အမျိုးအစားများစွာ ရှိသော်လည်း အများစုမှာ အရွက်များ ကြွေကျနေပြီ ဖြစ်ပြီး အကိုင်းအခက်များပေါ်တွင် နှင်းများသာ တင်ကျန်နေလေသည်။

ချင်မင်က နှင်းများကို နင်းကာ တောင်ကြီးများစွာကို ကျော်ဖြတ်ပြီးနောက် သွေးဝါးတော အနီးသို့ ရောက်ရှိလာသည်။

သူသည် ယခင်က ထိုနေရာသို့ တစ်ခါမျှ မရောက်ဖူးချေ။ ထိုနေရာမှာ တောင်ကြီး၏ အပြင်ဘက်ပိုင်းဟုပင် ဆို၍ မရနိုင်တော့ချေ။

လမ်းတစ်လျှောက်တွင် သားရဲများစွာကို တွေ့ခဲ့ရပြီး ထူးဆန်းသော ငှက်များ၏ အော်သံများကိုလည်း ဆက်တိုက် ကြားခဲ့ရသည်။ သို့သော် ထိုနေရာသို့ ရောက်သောအခါ လေတိုက်သံမှလွဲ၍ အခြား အသံများ အားလုံး ပျောက်ကွယ်သွားတော့သည်။

ချင်မင်က သွေးဝါးတော၏ အန္တရာယ်ကို ရိပ်မိလိုက်သည်။ တောင်ပေါ်ရှိ သတ္တဝါ အားလုံးက ဤနေရာကို ရှောင်ကွင်း သွားလာကြပြီး အနီးတစ်ဝိုက်

တွင် အလွန် တွေ့ရခဲလှပေသည်။

ယခုအချိန်က နှင်းများ ဖုံးလွှမ်းနေသော အလွန် အေးစက်သည့် ဆောင်းရာသီ ဖြစ်နေသေးသည်။ အကယ်၍ မီးစမ်းရေများ ပြန်လည် နိုးထလာပြီး သက်ရှိများ အားလုံး လှုပ်ရှားလာကာ သွေးမြွေများ အစာရှာ ထွက်လာမည့် အချိန်ဆိုပါက ပတ်ဝန်းကျင်မှာ ယခုထက် ပိုမို တိတ်ဆိတ်နေမည်မှာ သေချာလှပေသည်။

"ရှုခင်းကတော့ တော်တော် လှတာပဲ"

ချင်မင်က တောင်ကြား အပြင်ဘက်တွင် ရပ်ကာ အတွင်းသို့ လှမ်းကြည့်လိုက်သည်။

သွေးဝါးတောမှာ တောင်ကြားထဲတွင် ရှိနေသည်။ ကောင်းကင်မှာ အနည်းငယ် မှောင်နေသော်လည်း လေနှင်းများကြားတွင် မားမားမတ်မတ် ရပ်တည်နေသော ဝါးရုံတောကြီးကို ရှင်းလင်းစွာ မြင်တွေ့နိုင်ပေသည်။ အနီရဲရဲ ဝါးပင်များပေါ်တွင် နှင်းဖြူဖြူများ ဖုံးလွှမ်းနေသဖြင့် အလွန် လှပလှပေသည်။

တောင်ကြား တစ်ခုလုံးတွင် သွေးဝါးပင်များ ပြည့်နှက်နေပြီး အလွန် လှပလှသည်။ ထိုအပင်များ၏ ပင်စည်မှစ၍ အရွက်များအထိ အနီရောင်တောက်ပနေပြီး နှင်းပြင်ပေါ်တွင် ပေါက်ရောက်နေသော သန္တာကျောက်တန်းကြီး တစ်ခုအလား ဖြစ်နေပေသည်။

"တကယ်ကို နေရာကောင်း တစ်ခုပဲ"

ချင်မင်က ချီးကျူးလိုက်သည်။

ပုံမှန်ဆိုလျှင် မည်သူကမျှ ဤနေရာသို့ လာရောက်ပြီး ရှုခင်း ကြည့်ရှုမည် မဟုတ်ချေ။ သွေးမြွေများ၏ နာမည်ဆိုးမှာ အလွန် ကျော်ကြားလှပြီး ကင်း

လှည့်အဖွဲ့များပင် အလွန် ကြောက်ရွံ့ကြလေသည်။

တောင်ကြားထဲတွင် မီးစမ်းရေ၏ အလင်းရောင် ထွက်ပေါ်နေခြင်း မရှိသဖြင့် တကယ်ပင် ငြိမ်းသွားပြီဟု ထင်ရပေသည်။

သို့သော် ချင်မင်က တောင်ကြားထဲသို့ တစ်လှမ်းမျှ မဝင်သေးချေ။ အေးခဲနေသော မြေပြင်အောက်တွင် မီးကျီးခဲများ ရှိနေနိုင်သေးပြီး မီးစမ်းရေမှာ လုံးဝ ငြိမ်းသွားခြင်း မဟုတ်နိုင်ဟု သူ ယူဆထားသည်။

သူက ထိုနေရာ တစ်ဝိုက်တွင် လှည့်လည်ကာ မြေမျက်နှာသွင်ပြင်ကို အကဲခတ်လိုက်ပြီး တောင်ကုန်း တစ်ခုပေါ်သို့ တက်ကာ အထက်မှနေ၍ အောက်သို့ ငုံ့ကြည့်လိုက်သည်။ ထင်သည့်အတိုင်းပင် တောင်ကြား၏ အလယ်ဗဟိုတွင် အလွန် မှေးမှိန်နေသော အနီရောင် အလင်းတန်းလေး တစ်ခုကို တွေ့လိုက်ရသည်။

ချင်မင်က ခေတ္တ စဉ်းစားပြီးနောက် ထိုတိတ်ဆိတ်သော နေရာမှ ပြန်ထွက်လာခဲ့ပြီး ငှက်များနှင့် သားရဲများ ပေါများသော နေရာသို့ သွားကာ နှင်းပြင်ထဲတွင် ယုန်တစ်ကောင်ကို ဖမ်းယူခဲ့သည်။

"တောင်းပန်ပါတယ်ကွာ"

သူက ဝဖြိုးနေသော နှင်းယုန်ကြီးကို ဆွဲကာ သွေးဝါးတော အနီးသို့ ပြန်လာခဲ့ပြီး တောင်ကုန်းပေါ်မှနေ၍ တောင်ကြား အလယ်ရှိ အနီရောင် အလင်းတန်းလေး ရှိရာသို့ အားကုန် ပစ်ပေါက်လိုက်သည်။

ဘုန်းခနဲ အသံနှင့်အတူ ထိုယုန်ကြီးမှာ ထူထပ်နေသော နှင်းပြင်ပေါ်သို့ ကျရောက်သွားပြီး နှင်းပွင့်များ လွင့်စင်သွားတော့သည်။ ထိုနေရာမှာ မီးစမ်းရေ အကြွင်းအကျန်များနှင့် သိပ်မဝေးလှချေ။

တစ်ချိန်တည်းမှာပင် အနီရောင် မျဉ်းကြောင်း တစ်ကြောင်းက နှင်းပြင်

ပေါ်မှ အရှိန်အဟုန်ဖြင့် ထွက်ပေါ်လာပြီး ယုန်ကြီးဆီသို့ ချက်ချင်း တိုးဝင်ကာ ခန္ဓာကိုယ်ထဲသို့ ဖောက်ထွင်း ဝင်ရောက်သွားတော့သည်။

ချင်မင်၏ အာရုံများမှာ အလွန် စူးစိုက်နေပြီး ခန္ဓာကိုယ် မျက်နှာပြင်တွင် ရွှေရောင် အလင်းတန်းများ ထွက်ပေါ်လာကာ တောင်ကြား အလယ်ဗဟိုကို စိုက်ကြည့်နေမိသည်။

ယင်းမှာ သွေးမြွေ တစ်ကောင် ဖြစ်မည်မှာ သေချာလှပေသည်။ အရှည် သုံးပေခန့်သာ ရှိသော်လည်း ကောလာဟလများအတိုင်း ခန္ဓာကိုယ်မှာ သံမဏိကဲ့သို့ မာကျောပြီး လေထဲသို့ ခုန်တက်ကာ သံမြှားတစ်စင်းအလား ပစ်မှတ်ကို ဖောက်ထွင်းနိုင်စွမ်း ရှိပေသည်။

"တကယ်ကို အန္တရာယ်များတဲ့ သတ္တဝါပဲ ဒါက အကောင်သေးလေးမို့လို့ တကယ်လို့ မီတာ အနည်းငယ် ရှည်တဲ့ အကောင်ကြီးတွေသာ ထွက်လာရင် တော့ ကိုင်တွယ်ဖို့ တော်တော် ခက်လိမ့်မယ်"

ချင်မင်က မျက်မှောင်ကြုတ်လိုက်မိသည်။

အရေးကြီးဆုံးအချက်မှာ ဤမြူ အေးစက်နေသော ရာသီဥတုတွင်ပင် သွေးမြွေများက သွက်လက်စွာ လှုပ်ရှားနိုင်ပြီး နှင်းပြင်ပေါ်တွင် အချိန်တို အတွင်း လှုပ်ရှားနိုင်ခြင်း ပင်ဖြစ်သည်။ ယင်းက အလွန် ပြဿနာ ကြီးလှ ပေသည်။

ထို့နောက် အနီရောင် အလင်းတန်းလေး ထဲမှ နောက်ထပ် အနီရောင် မျဉ်းကြောင်း အချို့ ထွက်ပေါ်လာသည်ကို သူ မြင်လိုက်ရသည်။ အားလုံးမှာ ပေအနည်းငယ်သာ ရှည်လျားပြီး ယခုတစ်ကြိမ်တွင်မူ သံမြှားများအလား ပျံသန်းလာခြင်း မရှိဘဲ နှင်းပြင်ပေါ်တွင် တွားသွားကာ နှင်းယုန်ကြီး အနား သို့ ရောက်လာပြီး မာကျောသော ခေါင်းများဖြင့် ယုန်၏ ခန္ဓာကိုယ်ကို ဖောက်ထွင်း ဝင်ရောက်သွားကြသည်။

ချိစွမ်းအင်များ ပါဝင်နေသော ဤမြွေများ၏ သဘာဝကို သာမန် ယုတ္တိများဖြင့် တွေးတော၍ မရနိုင်ချေ။ ၎င်းတို့က နှင်းများကို ထင်ထား သလောက် မကြောက်ရွံ့ကြဘဲ အချိန်တိုအတွင်း အေးခဲသွားခြင်း မရှိချေ။

"မင်းတို့ကို ဆောင်းတွင်း အားဆေး ကျွေးနေရတာလား အပို ဟင်းလျာ လေးပေါ့"

ချင်မင်က သွေးဝါးတောကို ကြည့်နေမိသည်။ ထိုသွေးမြွေများက နှင်းယုန်ကြီး၏ နွေးထွေးသော သွေးများကို စုပ်ယူနေကြသည်မှာ သိသာလှပေသည်။

ထိုမြွေများကို သွေး ဟူသော အမည်ပေးထားခြင်းမှာ ၎င်းတို့၏ စား သောက်ပုံနှင့်လည်း သက်ဆိုင်နေပေမည်။ ၎င်းတို့က သာမန် မြွေများကဲ့သို့ သားကောင် တစ်ကောင်လုံးကို မျိုချခြင်း မဟုတ်ချေ။

၎င်းတို့က အလွန် လျင်မြန်စွာ စားသောက်ကြပြီး နှင်းပြင်ပေါ်တွင် အကြာကြီး မနေလိုသဖြင့် ငြိမ်းလုနီးပါး ဖြစ်နေသော မီးစမ်းရေ ရှိရာသို့ အမြန် ပြန်သွားကြလေသည်။

"ဟင်"

ချင်မင်က မြွေနှစ်ကောင်မှာ ချက်ချင်း ပြန်မသွားဘဲ သွေးဝါးတောထဲတွင် အမြန် တွားသွားကာ တစ်ခုခုကို ရှာဖွေနေသကဲ့သို့ ဖြစ်နေသည်ကို သတိထားမိလိုက်သည်။

တစ်ချိန်တည်းမှာပင် အနီရောင် အလင်းတန်းလေး ထဲမှ ကြီးမားသော မြွေခေါင်း တစ်ခု ထွက်ပေါ်လာပြီး နီရဲနေသော လျှာကို အဆက်မပြတ် ထုတ်ကာ တစ်ခုခုကို အာရုံခံနေသည်ကို သူ မြင်လိုက်ရသည်။

"နည်းနည်းတော့ ခက်မယ်ထင်တယ်"

အန္တရာယ်ရှိသော ဝိညာဉ်သားရဲများ၏ အစွမ်းအစမှာ အလွန် ကြီးမားပြီး အလွန် နိုးကြားမှု ရှိကာ အခြား မျိုးဗီဇပြောင်း သားရဲများထက် ကိုင်တွယ်ရန် ပိုမို ခက်ခဲကြောင်း ချင်မင် ရိပ်မိလိုက်သည်။

သူက အဆိပ်ကို အဆိပ်ဖြင့် ဖြေရန် စဉ်းစားလိုက်ပြီး ၎င်းတို့ကို အဆိပ်ရှိသော အသားများ ကျွေးရန် တွေးလိုက်သည်။ သို့သော် ထိုမြွေကြီးမှာ အစာစားရန် ဆန္ဒမရှိပုံ ရသလို မြွေငယ်များကလည်း တစ်ကောင်က အရင်စမ်းသပ် စားသောက်လေ့ ရှိသဖြင့် ဤနည်းလမ်းက သိပ်တော့ အဆင်မပြေနိုင်ဟု သူ ယူဆလိုက်သည်။

ချင်မင်က ထို သုံးလေးပေခန့် ရှည်သော မြွေငယ် နှစ်ကောင်မှာ သွေးဝါးတောထဲတွင် ကြီးမားသော စက်ဝိုင်း တစ်ပတ် ပတ်ပြီးနောက် အရှိန် သိသိသာသာ လျော့ကျသွားပြီး ၎င်းတို့၏ နယ်မြေကို ကင်းလှည့်ခြင်း အဆုံးသတ်ကာ အနီရောင် အလင်းတန်းလေး ထဲသို့ ပြန်လည် ဝင်ရောက်သွားသည်ကို သတိထားမိလိုက်သည်။

"အေးခဲတဲ့ ရာသီဥတုက သူတို့အပေါ် အများကြီး သက်ရောက်မှု ရှိသေးတာပဲ ဒါက သတင်းကောင်းပဲ"

သူက တောင်ကုန်းပေါ်မှ ဆင်းလာပြီး လာလမ်းအတိုင်း ပြန်လှည့်လာခဲ့သည်။

သူက လက်နက် အားလုံးကို ဤနေရာသို့ သယ်လာရန် ပြင်ဆင်လိုက်သည်။ သွေးဝါးတောထဲသို့ ဝင်ရောက်ပါက ကင်းလှည့်အဖွဲ့၏ ချပ်ဝတ်တန်ဆာ သုံးလေးထပ်ခန့် ဝတ်ဆင်ထားရမည် ဖြစ်သည်။ သွေးမြွေများ၏ ချောင်းမြောင်း တိုက်ခိုက်ခြင်းကို မခံလိုချေ။ သံမဏိကဲ့သို့ မာကျောသော မြွေခေါင်းက အရေပြားကို ဖောက်ထွင်းသွားပါက ဘဝသစ်ရရှိသူများပင် အသက်ဆုံးရှုံးရမည်မှာ သေချာလှပေသည်။

အချိန်သိပ်မကြာမီမှာပင် သူက သံလုံမျှားနှင့် ချပ်ဝတ်တန်ဆာများကို တူး ဖော်ကာ သယ်ယူလာပြီး သွေးဝါးတော အနီးတွင် ဝှက်ထားလိုက်သည်။

"သွေးမြွေတွေကို ရင်ဆိုင်ရာမှာ သံတူရိုးရှည်ထက် ဖုအန်းထောင်ရဲ့ ဓား ရှည်က ပိုပြီး အသုံးဝင်လိမ့်မယ်"

ကြီးမားသော သားရဲများကို တိုက်ခိုက်ရာတွင် လက်နက်ကြီးများက ပိုမို အသုံးဝင်ပြီး တစ်ချက်တည်းဖြင့် ခေါင်းကို ရိုက်ခွဲနိုင်သော်လည်း သေးသွယ်သော မြွေများကို ရိုက်နှက်ရာတွင်မူ ဓားရှည်လောက် အဆင်မ ပြေနိုင်ချေ။

ချင်မင်က သွေးဝါးတောထဲရှိ မီးစမ်းရေ မည်သည့်အချိန်တွင် လုံးဝ ငြိမ်း သွားမည်ကို စဉ်းစားနေမိသည်။ အချိန်ကြာလေ သွေးမြွေများ ပိုမို အားနည်းလေ ဖြစ်မည်သော်လည်း သူ့အတွက် အချိန် အများကြီး မရှိတော့ ချေ။ အဘယ်ကြောင့်ဆိုသော် အကြီးအကဲများနှင့် တောင်နက်ထဲရှိ ထိပ်တန်း သားရဲများ၏ နောက်ဆုံး ဆွေးနွေးပွဲမှာ ရက်အနည်းငယ် အတွင်း ပြီးဆုံးတော့မည် ဖြစ်သောကြောင့် ဖြစ်သည်။

"ဒီနေ့တော့ မြွေပွေးကို သွားခေါက်မိသလို ဖြစ်သွားပြီး သူတို့ကို သတိထားမိသွားစေတယ် မနက်ဖြန်မှ ထပ်လာတာပေါ့"

ချင်မင်က နောက်ဆုတ်သွားလိုက်သည်။ အချိန် အနည်းငယ် လုနေရ သော်လည်း တစ်ရက်လောက်တော့ ကိစ္စ မရှိနိုင်ချေ။

"ဒီသွေးမြွေအုပ်ကို ငါ နိုင်လောက်ပါတယ်နော်"

သူက အပြန်လမ်းတွင် စဉ်းစားနေမိသည်။ ဖုန်းယီအန်းနှင့် ရှောက်ချန် ဖုန်းတို့က သွေးဝါးတောကို ပစ်မှတ်ထားနေကြသော်လည်း သူက ထိုအဖွဲ့ တစ်ဖွဲ့လုံးကို အမြစ်ပြတ်အောင် ရှင်းလင်းခဲ့ပြီး ဖြစ်သည်။

သူက ပေါ့ဆ၍ မဖြစ်ဘဲ အလွန် သတိထားရမည်ဟု တွေးလိုက်သည်။

အပြန်လမ်းတွင် ကြက်မကြီး သုံးကောင်က တောထဲတွင် အရှိန်အဟုန်ဖြင့် ပြေးလွှားနေသည်ကို သူ တွေ့လိုက်ရသည်။ ၎င်းတို့၏ ကျောပေါ်တွင် လူများ စီးနင်းလိုက်ပါလာပြီး သူ၏ ရှေ့ရှိ တောအုပ်ထဲမှ ဖြတ်သွားကြလေသည်။

"ရွှေကြက်မ တောင်ကုန်းက လူတွေလား"

ချင်မင်က သစ်ပင်ကြီး တစ်ပင် နောက်တွင် ပုန်းကာ ထိုမြင်ကွင်းကို ကြည့်ရင်း ၎င်းတို့ မည်သူဖြစ်ကြောင်း ခန့်မှန်းလိုက်သည်။

ယင်းတို့မှာ မျိုးဗီဇပြောင်း မြေကြက်များ ဖြစ်ကြပြီး လူတစ်ရပ်ကျော် မြင့်မားကာ အလွန် သန်မာကြပေသည်။ ၎င်းတို့က လူများကို တင်ဆောင်ကာ တောင်ပေါ်တွင် အရှိန်အဟုန်ဖြင့် ပြေးလွှားနိုင်ပြီး ဤနယ်မြေတွင် ရွှေကြက်မ တောင်ကုန်း တစ်ခုတည်းကသာ ၎င်းတို့ကို မွေးမြူနိုင်ခြင်းဖြစ်သည်။

ချင်မင်က ရွှေကြက်မ တောင်ကုန်း အကြောင်းကို ကြားဖူးလေသည်။ ထိုနေရာတွင် ဒုတိယအဆင့် နီးပါးရှိသော မီးစမ်းရေ ရှိပြီး အစောပိုင်းက ဓားပြအဖွဲ့ တစ်ဖွဲ့ နေထိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် အစိုးရနှင့် ပူးပေါင်းသွားခဲ့ကြသည်။

အဘယ်ကြောင့်ဆိုသော် ၎င်းတို့ မွေးမြူထားသော မျိုးဗီဇပြောင်း မြေကြက်များမှာ အလွန် အသုံးဝင်သဖြင့် ကင်းလှည့်အဖွဲ့များပင် တောင်ပေါ်အခြေအနေများကို စုံစမ်းရန် ၎င်းတို့၏ ကြက်စီး သူရဲကောင်းများကို မကြာခဏ အကူအညီ တောင်းရသောကြောင့် ဖြစ်သည်။

"ရွှေကြက်မ တောင်ကုန်းက ဒီနေရာနဲ့ အဝေးကြီးကို အဲဒီက လူတွေက

ဘာလို့ ဒီကို ရောက်လာတာလဲ"

သူက ဝေးကွာသွားသော မြေကြက် သုံးကောင်ကို ကြည့်နေမိသည်။ ထို အထဲမှ လူတစ်ဦးမှာ သေသပ်သော ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားပြီး ဒေသခံနှင့် မတူချေ။ ရွှေကြက်မ တောင်ကုန်းမှ အခြား လူနှစ်ဦး၏ ဝတ်စား ဆင်ယင်မှုနှင့် လုံးဝ ကွာခြားနေပေသည်။

"ချီရှုမြို့တော်က လာတာလား"

ထိုသူ၏ အမည်းရောင် ချပ်ဝတ်တန်ဆာ ပုံစံမှာ ချောင်မျိုးနွယ် ဝေ့မျိုးနွယ် နှင့် မုမျိုးနွယ်တို့နှင့် မတူညီသဖြင့် အခြား မျိုးနွယ်စုများမှ ဖြစ်မည်ဟု ချင်မင် သတိထားမိလိုက်သည်။

ထိုသူများက သွေးဝါးတော ရှိရာသို့ သွားခြင်း မဟုတ်သည်ကို မြင် သောအခါ ချင်မင်က အပြန်လမ်းသို့ ဆက်လက် လျှောက်လှမ်းလာခဲ့သည်။

သူက သားကောင် တစ်ကောင်ကို ဆွဲကာ တောင်ပြင်ဘက်သို့ ထွက်ခါနီး တွင် ထူးဆန်းသော ဘဝသစ် ရရှိသူ လေးဦးကို ထပ်မံ တွေ့ရှိလိုက် ပြန်သည်။

ထိုအထဲမှ လူနှစ်ဦးမှာ ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားခြင်း မရှိ သော်လည်း ၎င်းတို့၏ ဝတ်စားဆင်ယင်မှုမှာ သာမန် မဟုတ်ကြောင်း သိသာလှပေသည်။ သတ္တုကြိုးများဖြင့် ရက်လုပ်ထားသော အမည်းရောင် ဝတ်ရုံကို ခြုံထားပြီး မျက်နှာကိုပါ ဖုံးကွယ်ထားကြလေသည်။

ချင်မင်က အံ့ဩသွားမိသည်။ တောင်ရှင်းလင်းရေး မစတင်ရသေးမီမှာ ပင် တောင်ကြီးပေါ်တွင် လူစည်ကားနေပြီ ဖြစ်သည်။ ထိုလူများကရော မည်သူများ ဖြစ်မည်နည်း။

ကျန်ရှိနေသော ဘဝသစ် ရရှိသူ နှစ်ဦးမှာ ဒေသခံများ ဖြစ်ပုံရပြီး အသက်

သုံးဆယ်ကျော်ခန့် ရှိမည် ဖြစ်သည်။ ထိုအထဲမှ လူတစ်ဦးက ပြုံးကာ နှုတ်ဆက်လိုက်သည်။

"ညီလေး ဒီနားမှာ ငွေရောင် အလင်းတန်းတွေ ထွက်နေတဲ့ မြေပြင် အက်ကွဲကြောင်း ရှိတယ်ဆိုတာ သိလား"

တစ်ဖက်လူက ထူးခြားသော ဆုံမှတ်များကို ရှာဖွေနေကြောင်း ချင်မင် ရိပ်မိလိုက်ပြီး ထိုအမည်းရောင် ဝတ်ရုံခြုံထားသူ နှစ်ဦးမှာလည်း ချီရှု မြို့တော်မှ လာခြင်း ဖြစ်မည်မှာ သေချာလှပေသည်။

"ဟိုဘက်ကို သုံးလီလောက် တည့်တည့် သွားလိုက်ရင် ရောက်ပြီ"

ချင်မင်က ၎င်းတို့ကို လမ်းညွှန်ပြလိုက်သည်။ ထိုနေရာမှာ လျှို့ဝှက်သော နေရာ မဟုတ်ဘဲ လူများစွာ သိရှိထားပြီး ဖြစ်ပေသည်။

"ညီလေး ငါတို့ကို လမ်းလေး လိုက်ပြပေးပါလား ပြီးရင် ညငွေ ပြား တစ်ပြား ပေးမယ်လေ"

လမ်းမေးသော လူက ပြုံးရင်း ပြောလိုက်သည်။

ချင်မင်က နောက်သို့ နှစ်လှမ်းဆုတ်ကာ ပြောလိုက်သည်။

"ကျွန်တော် အဲဒီ နေရာကို ကြောက်တယ် မြေပြင် အက်ကွဲကြောင်းက အရမ်း အန္တရာယ် များတယ် နောက်ပြီး ကျွန်တော် အချိန်မီ အိမ်ပြန်ရဦးမယ် သားကောင် မရတာ ရက်တော်တော် ကြာနေပြီ ကျွန်တော့် အမေ အိမ်မှာ ဆာနေလောက်ပြီ"

"ငါတို့ သွားရအောင်"

အမည်းရောင် ဝတ်ရုံခြုံထားသူ တစ်ဦးက ဝင်ပြောလိုက်သည်။ အသံကို ကြည့်ရသည်မှာ အလွန် ငယ်ရွယ်သေးပုံ ရပေသည်။

ထိုစကားကို ကြားသောအခါ ချင်မင်ကလည်း ထွက်ခွာရန် ပြင်လိုက်

သည်။

သို့သော် ထိုအမည်းရောင် ဝတ်ရုံခြုံထားသူ၏ နောက်ဆက်တွဲ စကားက သူ့ကို တောင့်တင်းသွားစေခဲ့သည်။

"သူ့ကို ရှင်းပစ်လိုက် ငါတို့ ဒီနေရာကို ရောက်နေတာကို လူအများကြီး မသိစေချင်ဘူး"

အမည်းရောင် ဝတ်ရုံခြုံထားသူက ပေ့ါပေ့ါပါးပါး ပြောလိုက်သော စကားတစ်ခွန်းက မုဆိုး လူငယ်လေး တစ်ဦး၏ ကံကြမ္မာကို ချက်ချင်း အဆုံးအဖြတ် ပေးလိုက်ခြင်း ဖြစ်သည်။

ချင်မင်မှာ မှင်တက်သွားမိသည်။ ထိုလူများက မည်သည့် အရပ်မှ လာသော နတ်ဆိုးများ ဖြစ်သနည်း။ စကားတစ်ခွန်းတည်းဖြင့် လူတစ်ဦး၏ အသက်ကို အဆုံးဖြတ် ပေးလိုက်ခြင်းက သာမန်လူများ၏ အသက်ကို အလွန် အထင်သေးလွန်းရာ ကျပေသည်။

သူသည် ချောင်လုံ ဝေ့ကျစ်ရိုနှင့် မုချင်းတို့ကို တွေ့ဖူးခဲ့ပြီး ၎င်းတို့ အားလုံးက ချီရှုမြို့တော်မှ လာကြသူများ ဖြစ်သော်လည်း ၎င်းတို့က အလွန် ယဉ်ကျေးကြပေသည်။ ၎င်းတို့သည် မျိုးရိုးမြင့်မျိုးနွယ်များ၏ ယဉ်ကျေးမှုကို ဟန်ဆောင်နေခြင်း ဖြစ်စေကာမူ အပေါ်ယံတွင်မူ အဆင်ပြေပြီး လူကို စိတ်မခုစေချင်ပေ။

ယခု အမည်းရောင် ဝတ်ရုံခြုံထားသူကမူ အလွန် ပြတ်သားလွန်းပြီး မည်သည့် စိတ်လှုပ်ရှားမှုမျှ မရှိဘဲ ၎င်းတို့အတွက် လမ်းပြပေးနေသော ဒေသခံ ဘဝသစ် ရရှိသူ နှစ်ဦးကို လူသတ်ခိုင်းလိုက်ခြင်း ဖြစ်သည်။

"အစ်ကိုတို့ ကျုပ်တို့ အားလုံးက ဒေသခံတွေပဲလေ ဒီလို လုပ်လို့ မရဘူးလေ"

ချင်မင်က ပြောလိုက်သည်။

လူတစ်ဦးက ရယ်မောရင်း ပြောလိုက်သည်။

"တောင်းပန်ပါတယ် ညီလေး ငါတို့က ဧည့်သည်တော် နှစ်ယောက်ကို တောင်ပေါ် လိုက်ပို့ပေးဖို့ အမိန့်ရထားလို့ သူတို့ အမိန့် အားလုံးကို နာခံရမှာပဲ"

"ခင်ဗျားတို့က ဘယ်သူတွေလဲ"

ချင်မင်က မေးလိုက်သည်။

"ငါတို့က မျက်လုံးသုံးလုံးဂိုဏ်းက လာတာ"

ဒေသခံ လူနှစ်ဦးက အရှေ့သို့ တိုးလာရင်း ပြောလိုက်သည်။

နောက်တစ်စက္ကန့်တွင် ချင်မင်က သွက်လက်သော ကျားသစ် တစ်ကောင် အလား နေရာတွင် အရိပ် တစ်ခုသာ ချန်ထားရစ်ခဲ့ပြီး အရှိန်အဟုန်ဖြင့် တိုးဝင်သွားကာ ဘယ်ဘက်လက်ရှိ ဓားမြှောင်ဖြင့် ထိုလူနှစ်ဦး၏ လည်ပင်းကို ခဏချင်းအတွင်း ဖြတ်တောက်လိုက်တော့သည်။

မျက်လုံးသုံးလုံးဂိုဏ်းမှ ထိုလူနှစ်ဦးမှာ မှင်တက်သွားပြီး ကြောက်ရွံ့မှုများနှင့် မယုံကြည်နိုင်မှုများ ပြည့်နှက်နေပေသည်။ ၎င်းတို့က သာမန် မုဆိုး တစ်ဦးဟုသာ ထင်မှတ်ခဲ့ပြီး ချင်မင် ဖမ်းလာသော သားကောင်မှာလည်း သာမန် တောင်ဆိတ် တစ်ကောင်သာ ဖြစ်သဖြင့် အထင်သေးခဲ့ကြသည်။ သို့သော် ၎င်းတို့၏ လည်ပင်းမှာ ရုတ်တရက် အဖြတ်ခံလိုက်ရပြီး တစ်ဖက်လူ၏ အရှိန်မှာ အလွန် မြန်ဆန်လွန်းလှပေသည်။

အမည်းရောင် ဝတ်ရုံခြုံထားသူ နှစ်ဦးက ချင်မင် အတင်း တိုးဝင်လာသည်ကို မြင်သောအခါ သူ၏ နောက်ကျောမှ ထုတ်ယူလိုက်သော သံတူရိုးရှည်မှာ အလွန် လေးလံကြောင်း သတိထားမိလိုက်ပြီး မျက်နှာများ

ပျက်ယွင်းသွားကြသည်။

ချင်မင်၏ ညာဘက်လက်ရှိ သံတူရိုးရှည်က ထိုအထဲမှ လူတစ်ဦး၏ ခေါင်းဆီသို့ တိုးဝင်သွားပြီး ဘယ်ဘက်လက်ရှိ ဓားမြှောင်က အခြား အမည်းရောင် ဝတ်ရုံခြုံထားသူ တစ်ဦးဆီသို့ ထိုးစိုက်သွားလေသည်။

တစ်ဖက်လူက သူ့ကို သတ်ရန် ဆုံးဖြတ်ပြီး ၎င်းတို့၏ သတင်း မပေါက်ကြားစေရန် လုပ်ဆောင်နေပြီ ဖြစ်သဖြင့် သူ ဘာပြောပြော အပိုသာ ဖြစ်ပြီး အစွမ်းကုန် ပြန်လည် တိုက်ခိုက်ရန်သာ ရှိတော့သည်။

ခဏချင်းအတွင်း လူသုံးဦးကြားတွင် သတ္တု လက်နက်များ ထိခိုက်သံများ စူးရှစွာ ထွက်ပေါ်လာတော့သည်။

ခဏမျှ အကဲခတ်ပြီးနောက် ၎င်းတို့၏ အစွမ်းအစများကို ချင်မင် သိရှိသွားသည်။ ထိုအထဲမှ တစ်ဦးမှာ ဒုတိယအကြိမ် ဘဝသစ် ရရှိထားသူ ဖြစ်ပြီး အခြား တစ်ဦးမှာမူ စိုးရိမ်စရာ မရှိဘဲ ပထမဆုံး ဘဝသစ်သာ ရရှိထားသူ ဖြစ်သည်။

သူက ဒုတိယအကြိမ် ဘဝသစ် ရရှိထားသူကို အစွမ်းကုန် တိုက်ခိုက်လိုက်သည်။ ဤလူ တစ်ယောက်တည်းကသာ အန္တရာယ် ပေးနိုင်စွမ်း ရှိသောကြောင့် ဖြစ်သည်။

အကယ်၍ ယခင်ကဆိုလျှင် သူက တစ်ဖက်လူနှင့် အချိန်အတန်ကြာ တိုက်ခိုက်ရမည် ဖြစ်သော်လည်း ယနေ့ ဓားသိုင်းစာအုပ်ကို ဖတ်ရှုပြီးနောက် သူ၏ တိုက်ခိုက်ရေး စွမ်းရည်များမှာ သိသိသာသာ တိုးတက်လာခဲ့ပြီ ဖြစ်သည်။

"ဒေါင်"

အကြိမ်အနည်းငယ် တိုက်ခိုက်ပြီးနောက် အစွမ်းထက်သော အမည်း

ရောင် ဝတ်ရုံခြုံထားသူ၏ ဓားရှည်မှာ သံတူကြီး၏ ရိုက်နှက်မှုကြောင့် အထက်သို့ လွင့်တက်သွားပြီး သူ၏ လက်မောင်းပင် ထုံကျင်သွားလေသည်။

တစ်ချိန်တည်းမှာပင် သူ၏ မျက်ဝန်းများ ကျဉ်းမြောင်းသွားသည်။ အဘယ်ကြောင့်ဆိုသော် သံတူရိုးရှည်မှာ လျှပ်စီးအလား တစ်ဖက်လူ၏ ပေါ့ပါးစွာ ဝှေ့ယမ်းမှု အောက်တွင် သူ မလိုက်နိုင်သော အရှိန်ဖြင့် သူ၏ ရင်ဘတ်ဆီသို့ တိုးဝင်လာသောကြောင့် ဖြစ်သည်။

သူ ထပ်မံ ရှောင်တိမ်းရန် ကြိုးစားသော်လည်း အချိန်မမီတော့ဘဲ ရင်ဘတ်မှာ ရိုက်နှက်ခံလိုက်ရပြီး ချိုင့်ဝင်သွားကာ သွေးများ အန်ထုတ်လိုက်ရပြီး အသက်ရှင်ရန် မျှော်လင့်ချက် မရှိတော့ချေ။

"ငါနဲ့ ဓားချင်း လာယှဉ်တာလား"

ချင်မင်က သံတူရိုးရှည်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ ဓားသိုင်းကွက် များကို အသုံးပြုထားသော်လည်း သူ့ကို တစ်ချက်မျှ ပြန်မကြည့်တော့ဘဲ လှည့်ကာ အခြား အမည်းရောင် ဝတ်ရုံခြုံထားသူ တစ်ဦးဆီသို့ တိုးဝင်သွားတော့သည်။

အခြား တစ်ဦးမှာ အလွန် တုန်လှုပ်သွားမိသည်။ သူ အနောက်သို့ လွင့်စင်သွားပြီး မကြာမီမှာပင် သူ၏ အဖော်မှာ သေဆုံးသွားခဲ့ပြီ ဖြစ်သည်။ အလွန် မြန်ဆန်လွန်းလှပေသည်။ မုဆိုး တစ်ဦးနှင့် တူသော ထိုလူငယ်လေးမှာ မည်သို့ ဤမျှ ကြောက်စရာ ကောင်းနေရသနည်း။

သူသည် ပြိုင်ဘက် မဟုတ်ကြောင်း သိရှိသွားသဖြင့် လှည့်ကာ တောအုပ်ထဲသို့ ပြေးဝင်ပြီး ထွက်ပြေးရန် ကြိုးစားလေသည်။

"ဓားပစ်လွှတ်ခြင်း သိုင်းကွက်"

ချင်မင်က ထိုစကားလုံး အနည်းငယ်ကို ရေရွတ်လိုက်ပြီး ဘုန်းခနဲ အသံနှင့်အတူ သံတူရိုးရှည်မှာ လေထဲသို့ ပျံသန်းသွားကာ အဝေးမှ အမည်းရောင် ဝတ်ရုံခြုံထားသူ၏ ဦးခေါင်းကို ဖရဲသီး တစ်လုံးအလား တစ်စစီ ရိုက်ခွဲပစ်လိုက်တော့သည်။

ချင်မင်က မည်သည့် တွေဝေမှုမျှ မရှိဘဲ တိုက်ပွဲ နယ်မြေကို အမြန်ရှင်းလင်းလိုက်ပြီး သံတူရိုးရှည်ပေါ်ရှိ သွေးများကို နှင်းများဖြင့် ဆေးကြောကာ သားကောင်ကို ဆွဲပြီး အိမ်အပြန်လမ်းသို့ ဆက်လက် ထွက်ခွာလာခဲ့သည်။

သို့သော် သူ အနည်းငယ် စိတ်မအေး ဖြစ်လာမိသည်။ ယခုအခါ တောင်ပေါ်သို့ လာသူများ အလွန် များပြားလာပြီး အမျိုးအစား စုံလင်လှသဖြင့် သူက သွေးဝါးတောမှ အချိန်အကြာကြီး ခွာနေ၍ မဖြစ်တော့ချေ။

ထမင်းစားပြီးနောက် သူက တောင်ကြီးဆီသို့ တိတ်တဆိတ် ပြန်လာခဲ့သည်။

"တစ်ရက် ကုန်သွားတိုင်း မီးစမ်းရေက အများကြီး မှေးမှိန်သွားမှာပဲ ငါ့အတွက် အကျိုးရှိပေမဲ့ အပြင်လူတွေ လာပြီး ဝိညာဉ်သားရဲတွေကို လုယူမှာကိုလည်း သတိထားရမယ်"

ချင်မင်က တိုးညှင်းစွာ ရေရွတ်လိုက်ပြီး လောလောဆယ်တွင် ထိုနေရာ၌ စောင့်နေရန်သာ ရှိတော့သည်။

ညဉ့်နက်ချိန် ရောက်မှသာ သူ ပြန်လည် ထွက်ခွာလာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မည်သူကမျှ ထိုအချိန်မျိုးတွင် လာရောက်တိုက်ခိုက်မည် မဟုတ်သောကြောင့် ဖြစ်သည်။ ညအမှောင်ထုက မြွေများအတွက် သိပ်ပြီး အနှောင့်အယှက် မဖြစ်သော်လည်း ဘဝသစ် ရရှိသူများအတွက်မူ အလွန် အခက်အခဲ ရှိပေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် သူ တောင်ပေါ်သို့ ထပ်တက်လာခဲ့ပြီး တောင်ကြား အလယ်ရှိ အနီရောင် အလင်းတန်းလေး မှာ တကယ်ပင် အများကြီး မှေးမှိန်သွားသည်ကို တွေ့လိုက်ရသည်။

ထိုသို့ တွေ့ရှိပြီးနောက် သူက ထပ်မံ စောင့်ဆိုင်းရန် ဆုံးဖြတ်လိုက်ပြီး နောက်အကျဆုံး ယနေ့ မှောင်ရီပိုးတဝါး အချိန် မကုန်ဆုံးမီတွင် စတင် တိုက်ခိုက်မည် ဖြစ်သည်။

တစ်နာရီခန့် အကြာတွင် တောင်ကုန်း တစ်ခုလုံး ရုတ်တရက် တောက်ပ လာပြီး မြေပြင် အလင်းတန်းများ အဆက်မပြတ် ထွက်ပေါ်လာကာ ကောင်းကင်ယံတွင် အလင်းရောင် မိုးပေါက်များ ကျဆင်းလာသကဲ့သို့ ဖြစ် ပေါ်လာသဖြင့် ပတ်ဝန်းကျင် တစ်ခုလုံး လင်းထိန်သွားတော့သည်။

မြေပြင် အလင်းတန်းများ ထွက်ပေါ်လာပြီး အလင်းရောင်များ လှုပ်ရှား နေသော ထိုထူးဆန်းသော မြင်ကွင်းကြောင့် ချင်မင်မှာလည်း မှင်တက်သွား မိပြီး တကယ်ပင် အလွန် လှပလှပေသည်။

အထူးသဖြင့် ထိုနေရာတွင် အနီရဲရဲ ဝါးရုံတောများနှင့် ဖြူဖွေးနေသော နှင်းများ ပေါင်းစပ်သွားသောအခါ အလွန် လတ်ဆတ်ပြီး ကြည့်ကောင်းလှ ကာ သာမန်နှင့် မတူညီသော လှပမှု တစ်ခုကို ဖန်တီးနေလေသည်။

"ဟင်"

ထိုအချိန်မှာပင် ချင်မင်က အဝေးမှ လူတစ်စု ချဉ်းကပ်လာသည်ကို တွေ့ လိုက်ရသည်။

သူက အလောတကြီး မဖြစ်ဘဲ အလွန် တည်ငြိမ်စွာဖြင့် အမှောင်ထဲသို့ ဆုတ်ခွာလိုက်သည်။ ယင်းကလည်း ကောင်းပေသည်။ အကယ်၍ ထိုလူများ က သွေးဝါးတောရှိ ဝိညာဉ်သားရဲများအတွက် လာခြင်း ဖြစ်ပါက ၎င်းတို့ကို

အရင် စမ်းခိုင်းလိုက်မည် ဖြစ်သည်။

***